# စကားရပ်များအစားထိုးသည့် ဥပဒေ

## ( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၈/၈၈ )

## ၁၃၅၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်

## ( ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို စကားရပ်များအစားထိုးသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှ စတင်၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် စသည်တို့တွင် ပါရှိသော အောက်ပါစကားရပ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် စကားရပ်များဖြင့် ဆီလျော်သလို အစားထိုးပြီးဖြစ်သည်ဟု မှတ်ယူရမည် -

| | တည်ဆဲစကားရပ် | အစားထိုးသည့် စကားရပ် |
|---|---|---|
| (က) | ပြည်ထောင်စုဆိုရှယ်လစ်<br>သမ္မတ မြန်မာနိုင်ငံတော် | ပြည်ထောင်စုမြန်မာနိုင်ငံတော် |
| (ခ) | နိုင်ငံတော်ကောင်စီ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု<br>တည်ဆောက်ရေးအဖွဲ့ |
| (ဂ) | နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ<br>သို့မဟုတ် နိုင်ငံတော်သမ္မတ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု<br>တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ |
| (ဃ) | ဝန်ကြီးအဖွဲ့<br>ဝန်ကြီးအဖွဲ့ရုံး | အစိုးရအဖွဲ့<br>အစိုးရအဖွဲ့ရုံး |

| | | |
|---|---|---|
| (င) | ပြည်သူ့တရားသူကြီးအဖွဲ့ သို့မဟုတ် ပြည်သူ့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ | တရားသူကြီးချုပ် |
| | ဗဟိုတရားရုံး | တရားရုံးချုပ် |
| (စ) | ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့သို့မဟုတ် ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ | ရှေ့နေချုပ် |
| | ဗဟိုဥပဒေရုံး | ရှေ့နေချုပ်ရုံး |
| (ဆ) | ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့သို့မဟုတ် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ | စာရင်းစစ်ချုပ် |
| | ဗဟိုစာရင်းရုံး | စာရင်းစစ်ချုပ်ရုံး |
| (ဇ) | ဗဟိုအာဏာပိုင်အဖွဲ့အစည်း | အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ် သို့မဟုတ် စာရင်းစစ်ချုပ် |
| (ဈ) | ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ | ပြည်နယ် သို့မဟုတ် တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်စုငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |

| | | |
|---|---|---|
| (ည) | ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ | ပြည်နယ် သို့မဟုတ် တိုင်းအဆင့် သို့မဟုတ် မြို့နယ်စုအဆင့် သက်ဆိုင်ရာဦးစီးဌာနပြည်သူ့ရဲ တပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ |
| (ဋ) | မြို့နယ်ပြည်သူ့ကောင်စီ | မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| (ဌ) | မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ | မြို့နယ်အဆင့် သက်ဆိုင်ရာ ဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ |
| (ဍ) | ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| (စ) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အဆင့် သက်ဆိုင်ရာဦးစီးဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့ သို့မဟုတ် ကော်ပိုရေးရှင်း အကြီးအကဲ သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |

၃။ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)၊ (ဌ) နှင့် (ဖ) တို့တွင် ဖော်ပြပါရှိသော ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဆိုသည့် စကားရပ်၌ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ အတွင်းရေးမှူး အဖွဲ့ဝင် သို့မဟုတ် ယင်းအဖွဲ့က ဥပဒေအရ ဖွဲ့စည်းသော အဖွဲ့လည်းပါဝင်သည်။